Legal Aid Network
ဥပဒေ အထောက်အကူပြုကွန်ရက်
Email:- legalaidnetwork@gmail.com website:- legalaidnetwork.org

### ဥပဒေအထောက်အကူပြုကွန်ရက်၏ ထုတ်ပြန်ချက်

## နိုင်ငံတကာပြစ်မှုဆိုင်ရာ တရားရုံး၏ စီရင်ပိုင်ခွင့်အာဏာ ပြဿနာ နှင့် ဆက်စပ်လျက် နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နှင့် အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် အစိုးရ၏ တာဝန်ရှိမှု

၁။ ၂၀၁၈ ခုနှစ် ဧပြီလ ၁၃ ရက်နေ့တွင် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ်ရုံးက သတင်းထုတ်ပြန်ချက် တခု ပြုခဲ့သည်။ ယင်းတွင် စာချုပ်စာတမ်းဆိုင်ရာ ယေဘုယျမှု ကို ကိုးကားလျက် စာချုပ်ဝင်မဟုတ်သောနိုင်ငံကို စည်းနှောင်မည် မဟုတ်သောကြောင့် ရိုဟင်ဂျာ မှုခင်းနှင့် ပတ်သက်ပြီး နိုင်ငံတကာ ပြစ်မှုဆိုင်ရာ တရားရုံးတွင် စီရင်ပိုင်ခွင့် မရှိကြောင်း ငြင်းဆိုခဲ့သည်။ အဆိုပါ ငြင်းဆို ချက်မှာ ဤနေရာတွင် စပ်ဆိုင်မှုမရှိပါ။ နိုင်ငံတနိုင်ငံ၏ နိုင်ငံသားများအပေါ် ပြစ်မှုဆိုင်ရာစီရင်ပိုင်ခွင့် အာဏာကို တရားရုံးတရုံးက ကျင့်သုံးရာတွင် စာချုပ်အရ ဖြစ်စေ အခြားနည်းအရ ဖြစ်စေ အဆိုပါနိုင်ငံ၏ သဘောတူညီမှု မလိုအပ်သောကြောင့် ဖြစ်သည်။ နိုင်ငံတော် အတိုင်ပင်ခံရုံး၏ အကြောင်းပြချက်သည် ယင်းကို လျစ်လျူ ရှုထားသည်။

တကမ္ဘာလုံးဆိုင်ရာ စီရင်ပိုင်ခွင့်အာဏာကို[1] ကျင့်သုံးမည် ဆိုပါမူ စစ်ရာဇဝတ်မှု နှင့် လူသားဆန့်ကျင် ပြစ်မှုများကဲ့သို့ နိုင်ငံတကာ ပြစ်မှုကြီးများအား ကမ္ဘာ၏ မည်သည့်နေရာတွင် ကျူးလွန်သည် ဖြစ်စေ နိုင်ငံများ၏ တရားရုံးများမှာပင် ပြစ်မှုဆိုင်ရာစီရင်ပိုင်ခွင့်အာဏာကို မကြာခဏ ကျင့်သုံးကြသည်။ နိုင်ငံတကာ ပြစ်မှုဆိုင်ရာ တရားရုံးသည် အဆိုပါနိုင်ငံများ၏စီရင်ပိုင်ခွင့်အာဏာမျှလောက်ပင် အဆင့်မရှိကြောင်းမှတ်ယူမှုမျိုးမှာ ကျိုးကြောင်း ဆီလျော်မှု မရှိပါ။ နိုင်ငံတကာ ဓလေ့ထုံးတမ်းဆိုင်ရာဥပဒေ အနေဖြင့် ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသူသည် မည်သည့်နိုင်ငံ၏နိုင်ငံသားဖြစ်ကြောင်း ဂရုမထားဘဲ ပြစ်မှုဆိုင်ရာစီရင်ပိုင်ခွင့်အာဏာကို အသိအမှတ်ပြုသည်။

[1] Universal Jurisdiction

၂။ ရိုဟင်ဂျာများ နှင့် သက်ဆိုင်သည့် မှုခင်းတွင် နိုင်ငံတကာ ပြစ်မှုဆိုင်ရာ တရားရုံး၌ စီရင်ပိုင်ခွင့် ရှိကြောင်းဖြင့် ယင်း၏ တရားစွဲအရာရှိက ကြေညာသည်။ နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံး ရောမဥပဒေ၏ စာချုပ်ဝင် မဟုတ်သော မြန်မာနိုင်ငံ၏ နယ်မြေတွင် မှုခင်း စတင်ခဲ့သော်လည်း စာချုပ်ဝင်ဖြစ်သော ဘင်္ဂလားဒေ့ရှ် နိုင်ငံ၏နယ်မြေ အပေါ် အကျိုးက်ရောက်မှုရှိနေကြောင်း သူမက အကြောင်းပြသည်။ လူများကို အတင်းအကြပ် နှင်ထုတ်သည့် နိုင်ငံတကာ ရာဇဝတ်မှု၏ အခြေခံသည် နိုင်ငံတကာ နယ်နမိတ်ကို ဖြတ်ကျော် ဖြစ်ပွားခဲ့ကြောင်း၊ သို့ဖြစ်၍ ယင်း ပြစ်မှု ကျူးလွန်မှုသည် ဘင်္ဂလားဒေ့ရှ် နိုင်ငံတွင် အဆုံးသတ်သွား ခဲ့ကြောင်း ဖြင့် သူမက ထောက်ပြသည်။

၃။ နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံး ရောမဥပဒေ၏ ပုဒ်မ (၁၂) ပုဒ်မခွဲ(၂)(က)ကို လေ့လာရပါမည်။ ယင်းတွင် နိုင်ငံတကာ ပြစ်မှုဆိုင်ရာ တရာရုံး၏ စီရင်ပိုင်ခွင့် အာဏာကို ကျင့်သုံးနိုင်ရေးအတွက် စာချုပ်ဝင်နိုင်ငံ၏ နယ်မြေ အပေါ်တွင် အဆိုပါ မှုခင်း ဖြစ်ပွားပါက လုံလောက်ကြောင်း ပေါ်လွင်သည်။ အဆိုပါ ပြဌာန်းချက်အရ စာချုပ်ဝင် မဟုတ်ကြောင်း အငြင်းပွားလျက် ရှိသော မြန်မာနိုင်ငံ၏ နိုင်ငံသားက စာချုပ်ဝင်နိုင်ငံ၏ နယ်မြေတွင် အဆိုပါ မှုခင်းကို ကျူးလွန်ရမည်ဖြစ်ကြောင်း ပြဌာန်းမထားပါ။ သို့ဖြစ်၍ နိုင်ငံတကာပြစ်မှုဆိုင်ရာ တရားရုံးတွင် ရိုဟင်ဂျာ များ၏ မှုခင်း နှင့် စပ်လျဉ်း၍ စီရင်ပိုင်ခွင့် အာဏာ ရှိသင့်ပါသည်။

၄။ နိုင်ငံတော် အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် နိုင်ငံတော်၏ အချုပ်အခြာ အာဏာနှင့် အခြား နိုင်ငံများ၏ ပြည်တွင်းရေးတွင် ဝင်ရောက်မစွက်ဖက်ရေး ဟူသည့်မူကို ကိုးကားသည်။ နိုင်ငံတကာ ပြစ်မှုဆိုင်ရာ တရားရုံး ဥပဒေ၏ နိဒါန်းတွင် ဖော်ပြထားချက်အရ ဆိုပါမူ ဒေါ်အောင်ဆန်းစုကြည်၏ ကိုးကားချက်သည် အဆိုပါ နိုင်ငံအနေဖြင့် ပြစ်မှုကြီးများအား ကျူးလွန်နေကြသူများ လွတ်ငြိမ်းခွင့် ရနေသည့် အခြေအနေကို အဆုံးသတ်ရန် နှင့် အဆိုပါ ပြစ်မှုကြီးများ မဖြစ်ပွားရေး ကာကွယ်တားဆီးရန် ပိုင်းဖြတ် ဆောင်ရွက်နေကြပါမှ မှန်ကန်ပါသည်။ ကံမကောင်းစွာပင် မြန်မာနိုင်ငံ၌ ယနေ့ အချိန်အထိ ဆယ်စု နှစ်ပေါင်း အချို့ကြာ ယင်းအခြေ အနေ ဖြစ်ပေါ်နေခြင်း မရှိပါ။ သို့ဖြစ်၍ နိုင်ငံတကာ ပြစ်မှုဆိုင်ရာ တရားရုံး၏ စီရင်ပိုင်ခွင့် အာဏာကို မဖြစ်မနေ ကျင့်သုံး သင့်ပါသည်။

၅။ နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် အခြားနိုင်ငံများ၏ ပြည်တွင်းရေးတွင် ဝင်ရောက်မစွက်ဖက်ရေးမူသည် ကမ္ဘာပေါ်ရှိမည်သည့်နိုင်ငံကိုမျှ အကန့်အသတ်မဲ့ အာဏာကို အပ်နှင်းထားခြင်းမဟုတ်ပါ။ နိုင်ငံတနိုင်ငံအနေဖြင့် လူမျိုးတုံး သတ်ဖြတ်မှု၊ စစ်ရာဇဝတ်မှု၊ တိုင်းရင်းသားမျိုးဖြုတ်သုတ်သင်မှု နှင့် လူသားဆန့် ကျင်မှု ပြစ်မှုကြီးများ ၏ အန္တရာယ်မှ ၎င်း၏လူထုများအား အကာအကွယ်ပေးရန် တာဝန်ကို ထမ်းဆောင်နေသမျှကာလပတ်လုံးအဆိုပါမူကို သိသာ ထင်ရှားစွာ ကျင့်သုံးနိုင်ခွင့် ရှိပါသည်။ အကယ်၍ နိုင်ငံတနိုင်ငံသည် အဆိုပါတာဝန်ကို ဥပက္ခာပြု သို့မဟုတ် ချိုးဖောက်ပါက နိုင်ငံတကာ အနေဖြင့် ကုလသမဂ္ဂမှ တဆင့် အဆိုပါ နိုင်ငံအား ကုလသမဂ္ဂ ပဋိညာဉ် စာတမ်း အခန်း (၆)၊(၇)၊(၈) တို့နှင့်အညီ အရေးယူဆောင်ရွက်ရန် တာဝန်ရှိပါသည်။

၆။ စင်စစ်အားဖြင့် ဒေါ်အောင်ဆန်းစုကြည် နှင့် သူမ၏ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် အစိုးရသည် နိုင်ငံတကာ ပြစ်မှုဆိုင်ရာတရားရုံး ရောမ ဥပဒေကို လက်မှတ်ရေးထိုးရန်လည်းကောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ၏

လွှတ်တော် ကိုယ်စားလှယ်များ အများစုဖြင့် ဖွဲ့စည်းထားသည့် ဥပဒေပြုလွှတ်တော်က ယင်းကို အတည်ပြုရေး ကမကထ ပြုရန် လည်းကောင်း၊ တာဝန်ရှိပါသည်။ သို့ဖြစ်ပါမှ မြန်မာ စစ်တပ်က ပြစ်မှုကြီးများ ကျူးလွန်နေမှုကို ဟန့်တားကာကွယ်ပြီးရာ ရောက်ပါလိမ့်မည်။ ယင်းသို့ဆောင်ရွက်ရမည့်အစား နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံး ၏ စီရင်ပိုင်ခွင့် အာဏာကို အများသိ ငြင်းပယ်လိုက်ခြင်းသည် ရခိုင်ပြည်နယ်တွင်သာမက အခြား တိုင်းရင်းသား ပြည်နယ်များတွင်ပါ အထူးသဖြင့်တိုင်းရင်းသားလူမျိုးများအားဆန့်ကျင်လျက် မြန်မာစစ်တပ်ခေါင်းဆောင်များက ပြစ်မှုကြီးများ ကျူးလွန်နေမှုကို ရဲဆေးတင်ပေးလိုက်ရာ ရောက်သည်။ ဤသည်မှာ ရွေးကောက်ပွဲ ကတိကဝတ် သုံးရပ် အနက် တရပ်အနေဖြင့် အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်က လေလုံးထွားစွာ ကြွေးကြော်ခဲ့သော ဥပဒေ စိုးမိုးရေးအား ဆန့်ကျင်လိုက်ခြင်းပင် ဖြစ်သည်။

ယင်းတို့နှင့် စပ်လျဉ်း၍ ပြင်းထန်သော လူ့အခွင့်အရေး ချိုးဖောက်မှုကြီးများ အပေါ် နုတ်ဆိတ် နေဆဲ ဖြစ်သော လက်ရှိသမ္မတဦးဝင်းမြင့်ခေါင်းဆောင်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အစိုးရသည်လည်းကောင်း၊ ဒေါ်အောင်ဆန်းစုကြည်သည်လည်းကောင်း၊ နိုင်ငံတကာဥပဒေစံချိန်စံညွှန်းဖြစ်သော အကြီးအကဲအဖြစ် အမိန့် ပေးပိုင်ခွင့် ရှိခြင်းကြောင့် တာဝန်ခံမှု ဥပဒေသအရ တာဝန်ယူ တာဝန်ခံရပါမည်။

**ဥပဒေ အထောက်အကူပြုကွန်ရက်(LAN)** ဧပြီလ ၁၉ ရက်၊ ၂၀၁၈ ခုနှစ်

**ပိုမိုသိရှိလိုပါက ဆက်သွယ်ရန်**

**ဦးအောင်ထူး (လူ့အခွင့်အရေး ရှေ့နေနှင့် ဥပဒေ အထောက်အကူပြုကွန်ရက် တည်ထောင်သူ)**
**ဖုန်း။ (၆၆) ၀၉၃၂၇၄၅၇၁၃ အီးမေးလ်။ legalaidnetwork@gmail.com ဝက်ဘ်ဆိုဒ်။ legalaidnetwork.org**

**ပါမောက္ခဒေးဗစ်ဖစ်ရှာ၊ နိုင်ငံတကာဥပဒေပါမောက္ခ၊ ဥပဒေပညာဌာန၊ စတော့ဟုမ်းတက္ကသိုလ်၊ ဆွီဒင်နိုင်ငံ နှင့်**
**ဥပဒေအထောက်အကူပြုကွန်ရက်၏ ဒါရိုက်တာ ဘုတ်အဖွဲ့ ဝင်။**
**အီးမေးလ်။** david.fisher@juridicum.su.se